

Translator-Akkhara Team
နတ်ဆိုးများကို ဒူးထောက်စေသူ
စာစဉ်-၅

# နတ်ဆိုးများကို ဒူးထောက်စေသူ
# အခန်း (၄၁)
# လူသားမျိုးနွယ် မဟာမိတ်အဖွဲ့ ဒုတိယ ဥက္ကဌ ကိုယ်တိုင် ရောက်ရှိလာခြင်း

*

D6 အခြေစိုက်မြို့တော်၊ မဟာမိတ်အဖွဲ့ ဌာနခွဲ။

တင်းမာနေသော လေထုက လက်ဆုပ်လက်ကိုင် ပြနိုင်လောက်အောင် သိသာထင်ရှားနေသည်။ ချိုက်ကျိုကွမ်က သူ၏ရုံးခန်းထဲတွင် သားဖွားခန်းအပြင်ဘက်၌ ကလေးမွေးမည့်အချိန်ကို စိုးရိမ်တကြီး

စောင့်ဆိုင်းနေသော ဖခင်တစ်ဦးပမာ ဟိုဘက်ဒီဘက် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

ကောင်းချန်းဖုန်းကမူ သူ၏ သတ္တမမြောက် လက်ဖက်ရည်ခွက်ကို အေးအေးဆေးဆေး ယူသောက်လိုက်သည်။ ထို့နောက် စိတ်ထဲမှ ညည်းတွားလိုက်ပြီး "ခင်ဗျား ဒီလောက်တောင် လမ်းလျှောက်နေရင် ကြမ်းပြင်ကို အခုချက်ချင်း အသစ်လဲရတော့မယ်" ဟု လှမ်းပြောလိုက်သည်။

ရုတ်တရက် စူးရှသော သတိပေးသံကြီးက မဟာမိတ်အဖွဲ့ အဆောက်အအုံတစ်ခုလုံးသို့ ပဲ့တင်ထပ်သွားသည်။ လူသားမျိုးနွယ် မဟာမိတ်ဌာနချုပ်မှ အထူးလေယာဉ် ရောက်ရှိလာပြီဖြစ်သည်။ တစ်ချိန်တည်းမှာပင် လူသားအခြေစိုက်စခန်း၏ အလိုအလျောက် သတင်းပို့

စနစ်က အမြင့်ဆုံးဦးစားပေးအဆင့်ဖြင့် ပွင့်သွားသည်။ အဆင့်B ဒသမအလွှာများအတွက် သီးသန့် အခွင့်အရေးပင်။

ထိုအခိုက်အတန့်၌ မဟာမိတ်အဖွဲ့အဆောက်အအုံထဲရှိ လူအားလုံး အံ့အားသင့်သွားကြသည်။ သန့်ရှင်းရေးလုပ်နေသူများပင် ကြမ်းတိုက်နေခြင်းကို ရပ်တန့်လိုက်ကြသည်။ ချိုက်ကျိုကွမ်က ရုတ်တရက် မတ်တပ်ရပ်လိုက်ပြီး မိမိကိုယ်ကို ရေရွတ်လိုက်သည်။

"သူကိုယ်တိုင် ရောက်လာတာလား..."

ကောင်းချန်းဖုန်း၏ လက်ထဲမှ လက်ဖက်ရည်ခွက်က လွတ်ကျသွားခဲ့သည်။ ကြမ်းပြင်ပေါ်သို့ ခွပ်ခနဲ ပြုတ်ကျကာ ကွဲအက်သွားသည်ကိုပင် သူ သတိမထားမိလိုက်ပေ။ သူက ထိတ်လန့်နေသော မျက်နှာဖြင့် "သူရောက်လာပြီလား... ဘယ်သူ ရောက်လာတာလဲ" ဟု မေးလိုက်သည်။

"လူသားမျိုးနွယ် မဟာမိတ်အဖွဲ့၏ ဒုတိယ ဥက္ကဋ္ဌ..."

အဆင့်B ဒသမအလွှာရှိ ထိပ်တန်းစစ်သည်တော်တစ်ဦးက D6 အခြေစိုက်မြို့တော်သို့ ရောက်ရှိလာသည်။ အဆောက်အအုံအပြင်ဘက်တွင် အမည်းရောင် လေယာဉ်တစ်စင်းက နတ်ဘုရားတစ်ပါးပမာ ကောင်းကင်မှ ဆင်းသက်လာသည်။ ပြင်းထန်သော လေဆင်နှာမောင်းက ရင်ပြင်တစ်ခုလုံးကို တိုက်ခတ်သွားသည်။ အနီးအနားရှိ စစ်သည်တော်များအားလုံး ထိုအရာကို အလိုအလျောက် ခံစားလိုက်ရသည်။ ရှင်းပြ၍မရနိုင်သော ဖိအားကြီးတစ်ခု ကျဆင်းလာသဖြင့် ခါးညွတ်ကာ အရိုအသေပေးရုံမှလွဲ၍ အခြားရွေးချယ်စရာ မရှိတော့ပေ။

အမည်းရောင် လေယာဉ်က လေထုထဲတွင် "ဝုန်း ဝုန်း ဝုန်း..." ဟု မြည်ဟည်းသွားသည်။

ရုတ်တရက် တံခါးပွင့်လာသည်။ ထို့နောက် ရိုးရှင်းသော အမည်းရောင် ကုတ်အင်္ကျီရှည်ကို ဝတ်ဆင်ထားသည့် လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦး အထဲမှ ထွက်လာသည်။

မည်သည့် အထူးအဆန်း လှုပ်ရှားမှုမှ မပါပေ။ လှေကားထစ် သို့မဟုတ် ကော်ဇောနီ ခင်းထားခြင်းမျိုးလည်း မရှိပေ။ သူက ခြေလှမ်းကျဲကြီးများဖြင့် လေထုထဲသို့ လျှောက်လှမ်းလာသည်။ လှေကားပေါ်မှ ဆင်းလာသည့်အလား လေပေါ်တွင် လမ်းလျှောက်လာခြင်းပင်။ သူလှမ်းလိုက်သော ခြေလှမ်းတိုင်း၌ ခြေဖဝါးအောက်ရှိ လေထုက အနည်းငယ် တုန်ခါသွားသည်။ လက်နှစ်ဖက်ကို နောက်ပစ်ထားပြီး သူ၏ အဝတ်အစားများက လေထဲတွင် တလွင့်လွင့် ဖြစ်နေသည်။

"သူက ဘယ်သူလဲ..."

လူသားမျိုးနွယ် မဟာမိတ်အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ရှောင်ဝမ်လုံပင်ဖြစ်သည်။ သူ့ကို အခြားအမည်တစ်ခုဖြင့်လည်း ခေါ်ဝေါ်ကြသေးသည်။ ၎င်းမှာ လူသားမျိုးနွယ်၏ အရဏ်ဦး ဟူ၍တည်း။ သူက ကပ်ဘေးကြီး အပြီးတွင် လူသားတို့၏ ရှေ့ဆောင် စစ်သည်တော်များထဲမှ တစ်ဦးဖြစ်သည်။ အသန်မာဆုံး စစ်သည်တော် ချန် နှင့် အတူ ယှဉ်တွဲတိုက်ပွဲဝင်ခဲ့ပြီး သားရဲများ၏ ကျူးကျော်မှုကို တွန်းလှန်ခဲ့သူဖြစ်သည်။ စွန့်ပစ်မြေရိုင်းပေါ်တွင် လူ့ယဉ်ကျေးမှုကို ပြန်လည် တည်ထောင်ပေးခဲ့သူလည်း ဖြစ်သည်။

လွန်ခဲ့သော ဆယ့်ငါးနှစ်က ဖြစ်ပွားခဲ့သည့် စစ်ပွဲကြီးတစ်ခုတွင် သူက အဆင့်B ဒသမအလွှာသို့ အဆင့်ဖောက်ထွက်နိုင်ခဲ့သည်။ နောက်ထပ် ဆယ့်ငါးနှစ်တိုင်တိုင် သူက A1 အခြေစိုက်မြို့တော်မှ တစ်ကြိမ်တစ်ခါမျှ ထွက်ခွာခဲ့ခြင်း မရှိ

ပေ။

ယနေ့တွင်တော့ ချိုက်ကိုကွမ်၊ ကောင်းချန်းဖုန်းနှင့် မဟာမိတ်အဖွဲ့မှ အခြားသော အဆင့်မြင့် အရာရှိကြီးများအားလုံး သူတို့၏ ခန္ဓာကိုယ်များ တုန်ယင်နေလျက် ခါးကို နက်နက်ရှိုင်းရှိုင်း ညွှတ်ကာ အရိုအသေပေးနေကြသည်။ ချွေးပြန်နေသော လက်ဝါးများဖြင့် အမြင့်ဆုံးသော ဂါရဝပြုခြင်းကို လုပ်ဆောင်နေကြသည်။ ရှောင်ဝမ်လုံက တည်ငြိမ်စွာ ပြောလိုက်သည်။

"အဲဒီကောင်လေးဆီ ငါ့ကို ခေါ်သွား"

မည်သူမျှ အချိန်မဆွဲဝံ့ကြပေ။ လူတိုင်းက စ်ကြံတစ်လျှောက် အပြေးအလွှား သွားနေကြရသည်။ ချိုက်ကိုကွမ်၏ ရုံးခန်းထဲတွင်မူ လုချန်က ဆိုဖာပေါ်တွင် သက်တောင့်သက်သာ ထိုင်နေသည်။ သူက စာအုပ်စင်ပေါ်မှ ကျင့်ကြံခြင်းသီအိုရီ စာအုပ်တစ်အုပ်ကို ယူကာ အပတ်စဉ်

ထုတ် မဂ္ဂဇင်းတစ်အုပ်ကို ဖတ်နေသကဲ့သို့ လှန်လှောကြည့်ရှုနေသည်။

ရုတ်တရက် ကောင်းကင်မှ ဆင်းသက်လာသော ဖိအားကြီးတစ်ခုကို သူ ခံစားလိုက်ရသည်။ သက်ရှိလောကတွင် သဘာဝရန်သူနှင့် ရင်ဆိုင်လိုက်ရသကဲ့သို့ ထူးဆန်းပြီး ရင်တုန်ဖွယ်ကောင်းသော ဖိအားကြီးကို ခံစားလိုက်ရသည်။ သူက မော့ကြည့်လိုက်ပြီး မိမိကိုယ်ကို ရေရွတ်လိုက်သည်။

"အင်း... အားကောင်းလွန်းတဲ့ ပညာရှင်ကြီး တစ်ယောက် ရောက်လာတာပဲ"

သူက မူလအစ ထာဝရဇာစ်မြစ် ကျင့်စဉ်ကို အလျင်စလို အသက်သွင်းလိုက်ပြီး သူ၏ ကျင့်ကြံခြင်းအဆင့်ကို အဆင့်F ဒသမအလွှာတွင် ပုံသေထားလိုက်သည်။

"ဘန်း... "

တံခါးက ရုတ်တရက် ပွင့်သွားသည်။ သို့သော်လည်း လုချန်၏ စိတ်ဝိညာဉ်နယ်ပယ်ထဲတွင်မူ... ကြောက်မက်ဖွယ်ကောင်းသော ဓာတ်သဘာဝ စွမ်းအင်ဝဲကယောက် ကြီးတစ်ခု ရုတ်တရက် ပေါက်ကွဲထွက်လာသကဲ့သို့ ခံစားလိုက်ရသည်။

ထို့နောက် ချိုက်ကျိုကွမ်က အပြင်ဘက်မှ ဝင်လာသည်။ မိဘတစ်ဦးက ကလေးကို ကျောင်းသားမိဘအစည်းအဝေးသို့ ဆွဲခေါ်လာသကဲ့သို့ သူသည် လုချန်အနီးသို့ ချက်ချင်း ပြေးသွားကာ သူ့ကို ဆွဲထူလိုက်သည်။

"ဒုတိယဥက္ကဋ္ဌကြီး... သူက လုချန်ပါ"

ရှောင်ဝမ်လုံက အခန်းထဲသို့ ဝင်လာသည်။ သူ၏ကိုယ်မှ အသက်ရှူကြပ်လုမတတ် စိုးမိုးနိုင်စွမ်းရှိသော အငွေ့အသက် များ ထွက်ပေါ်နေသည်။ သူ ဝင်လာသည့် အခိုက်အတန့်မှာပင်

လေထုက ခဲအက်သွားသည်။ ရုံးခန်းထဲရှိ မီးရောင်များပင် မှေးမှိန်သွားသကဲ့သို့ ထင်ရသည်။ အခန်းထဲရှိ စားပွဲများနှင့် စာအုပ်စင်များက ထိုဖိအားအောက်တွင် အက်ကွဲလုမတတ် ဖြစ်သွားကြသည်။

ဆင်တစ်ကောင်က အခန်းငယ်လေးထဲသို့ ကျူးကျော်ဝင်ရောက်လာသကဲ့သို့ပင်။ သူ၏ ရောမအရွယ်အစားက အခန်းထဲရှိ သတ္တဝါငယ်လေးများကို အနေရခက်သွားစေသည်။ လုချန်က မျက်တောင်တစ်ချက် ခတ်လိုက်သည်။ ထို့နောက် လက်ကိုမြှောက်ကာ ပြောလိုက်သည်။

"ဟိုင်း... နေကောင်းလား"

ရှောင်ဝမ်လုံ၏ မျက်နှာက ရှုံ့မဲ့သွားသည်။

"ဒါပဲလား..."

"ဒါက သူ့ရဲ့ တုံ့ပြန်မှုလား..."

"ဒီကောင်လေးက လူသားမျိုးနွယ် မဟာမိတ်

အဖွဲ့ရဲ့ ဒုတိယ အသန်မာဆုံးလူကို ဒီလိုပဲ နှုတ်ဆက်လိုက်တာလား..."

"ဟိုင်း တဲ့လား..."

ရှောင်ဝမ်လုံက လုချန်အား စိုက်ကြည့်လိုက်သည်။ လုချန်ကလည်း အကြည့်ကို မလွှဲဘဲ သူ၏အကြည့်များကို တိတ်ဆိတ်စွာ ပြန်လည်ရင်ဆိုင်လိုက်သည်။ တိတ်ဆိတ်သော တိုက်ပွဲတစ်ခု ဖြစ်ပွားနေသည့်အလားပင်။ ချိုက်ကျိုကွမ်မှာမူ အလွန်ထိတ်လန့်သွားသဖြင့် လုချန်၏ အင်္ကျီလက်ကို အလျင်အမြန် ဆွဲကာ တိုးတိုးလေး ပြောလိုက်သည်။

"လုချန်၊ ကျေးဇူးပြုပြီး သူ့ကို မဆွပါနဲ့... သူ နှာတစ်ချက်ချေလိုက်ရင်တောင် ငါတို့ရဲ့ အဆောက်အအုံတစ်ခုလုံး အပျက်အစီးပုံဘဝ ရောက်သွားလိမ့်မယ်"

ရှောင်ဝမ်လုံက ဖြည်းညင်းစွာ ရှေ့သို့ လျှောက်

လာသည်။ သူ၏ မျက်လုံးများကို အနည်းငယ် ကျဉ်းမြောင်းလိုက်ကာ မေးလိုက်သည်။

"မင်းက ပါရမီနိုးထပြီး ငါးရက်အတွင်းမှာပဲ အဆင့်F စစ်သည်တော် ဒသမအလွှာ ကို အဆင့် ဖောက်ထွက်နိုင်ခဲ့တဲ့ ကောင်လေးလား"

လုချန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... ဒါပေမဲ့ ရိုးရိုးသားသား ပြောရရင် ကျွန်တော် တစ်ယောက်တည်း လုပ်ခဲ့တာ တော့ မဟုတ်ပါဘူး... လျှို့ဝှက်ဆန်းပြားတဲ့ ပညာရှင်ကြီးတစ်ယောက်ဆီကနေ ရတနာတစ်ခု ရခဲ့လို့ပါ"

ရှောင်ဝမ်လုံ၏ စွမ်းအင်အငွေ့အသက်က အနည်းငယ် တုန်ခါသွားသည်။

"နှိမ့်ချတာလား ဒါက ပိုပြီးတောင် ကြောက်စရာကောင်းသေးတယ် ဘီလူးတစ်ကောင်ရဲ့ နှိမ့်ချမှုဆိုတာ သားရဲတစ်ကောင်က မင်းကို မ

ကိုက်ခင် တောင်းပန်စကား ဆိုနေတာနဲ့ တူတူ ပဲ..."

ရှောင်ဝမ်လုံက ဆက်ပြောသည်။

"ရတနာကြောင့် ဟုတ်လား... ပညာရှင်ကြီး တစ်ယောက်ဆီကနေ မင်း ရတနာ ရခဲ့တယ် ပေါ့... ချိုက်ကျိုကွမ်က မင်းရဲ့ အစောင့်အဖြစ် လွှတ်လိုက်တဲ့ ပညာရှင်ကြီးကို ဆိုလိုတာလား"

"မင်း ရတနာတစ်ခု ရခဲ့တယ်ဆိုရင်တောင် သမိုင်းမှာ ဒီလောက်မြန်မြန် ကျင့်ကြံခြင်းအဆင့် ကို ဖောက်ထွက်နိုင်စေတဲ့ ရတနာမျိုး တစ်ခါမှ မရှိခဲ့ဖူးဘူး"

"ငါ့ဆီမှာ စွန့်ပစ်မြေရိုင်းထဲက ထိပ်တန်း အရင်းအမြစ်တွေနဲ့ ရတနာတွေအားလုံးရဲ့ စာရင်းရှိတယ်... အဲဒီအထဲက ဘယ်ရတနာမှ ဒီ အရာနဲ့ မယှဉ်နိုင်ဘူး"

"ဒါ့အပြင် မင်းက သာမန် အဆင့်F စစ်သည်

တော်လေးပဲ ရှိသေးတာ ကျင့်ကြံခြင်းအဆင့်ကို အဲဒီလောက် မြန်မြန်တက်စေနိုင်တဲ့ ရတနာမျိုးကို မင်း ဘယ်လိုလုပ် ရနိုင်မှာလဲ"

"မင်းဘာသာမင်း ညတွင်းချင်း ဒသမအလွှာ ကို ဖောက်ထွက်နိုင်ခဲ့တာမျိုးကလွဲရင်ပေါ့"

ရှောင်ဝမ်လုံက စကားဆက်သည်။

"ပြီးတော့ မဟာမိတ်အဖွဲ့က ဒီလိုလူမျိုး တာဝန်ပေးထားတာကို ငါ မမှတ်မိပါဘူး ဒါမှမဟုတ် မင်းရဲ့ လု မိသားစုထဲက တစ်ယောက်ယောက်များလား"

လုချန်က မျက်တောင်တစ်ချက် ခတ်လိုက်သည်။

"ကျွန်တော့်မိသားစုကို ဒုတိယဥက္ကဋ္ဌကြီး သိလို့လား"

ရှောင်ဝမ်လုံက အေးစက်စက် နှာမှုတ်လိုက်သည်။

"သေချာပေါက် သိတာပေါ့ မင်းရဲ့ ဘိုးဘေးကြီး လုပ်ဟုန်တောက်က လူသားမျိုးနွယ် မဟာမိတ် အဖွဲ့ရဲ့ အဆင့်မြင့် အရာရှိတစ်ယောက်ပဲလေ"

"ပြီးတော့ မင်းက နေ့ချင်းညချင်း စစ်သည် တော်အဆင့်ကို ဖောက်ထွက်နိုင်ခဲ့တယ်ဆိုရင် မဟာမိတ်အဖွဲ့က မင်းရဲ့ နောက်ခံနဲ့ မှတ်တမ်း တွေအားလုံးကို သဘာဝကျကျ စုံစမ်းစစ်ဆေးရ မှာပဲ"

***